# NAY PYI TAW PDF

@nptpdf.mm.2021 · Political Organization

**ပြည်သူ့ကာကွယ်ရေး တပ်မတော် (နေပြည်တော်)**

ကြေငြာချက်အမှတ် (၁၆/၂၀၂၁)

( ၂၀၂၁ ခုနှစ် ၊ အောက်တိုဘာလ ၃၁ ရက် )

## <u>အောက်တိုဘာလအတွင်း ပြုလုပ်ခဲ့ပြီးသော စစ်ဆင်ရေးများအား သတင်းထုတ်ပြန် ကြေငြာခြင်း</u>

၁။ ပြည်သူ့ကာကွယ်ရေးတပ်မတော် (နေပြည်တော်) နှင့် တော်လှန်ရေးမဟာမိတ်အဖွဲ့များ ပူးတွဲ၍ ၂၀၂၁ခုနှစ် အောက်တိုဘာလအတွင်း အောက်ပါစစ်ဆင်ရေးများ ပြုလုပ်ခဲ့ပါသည်။

(က) ၅-၁၀-၂၀၂၁ ရက်နေ့ ညနေ (၀၅း၀၀) နာရီခန့်တွင် ပြည်သူ့ကာကွယ်ရေးတပ်မတော် (နေပြည်တော်)၊ တပ်ရင်း (၈၀၁) အထူးအဖွဲ့နှင့် မဟာမိတ် အထူးဒေသလက်နက်ကိုင်အဖွဲ့တို့ ပူးပေါင်း၍ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ အလယ်ချောင်ကျေးရွာအုပ်စု အတွင်းရှိ စစ်ကောင်စီစစ်ဆေးရေးဂိတ်တခုဖြစ်သော မကေသီဂိတ် (ဒေသအခေါ်အဝေါ်) အင်အား (၂၀) ဝန်းကျင်ခန့်အား ရှောင်တခင် ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ပါသည်။ ထိုကဲ့သို့ တိုက်ခိုက်မှုကြောင့် စစ်ကောင်စီတပ်သား (၆)ဦး သေဆုံးပြီး မိမိတို့ဘက်မှ ထိခိုက်ကျဆုံးမှုမရှိဘဲ ပြန်လည်ဆုတ်ခွာနိုင်ခဲ့ပါသည်။

(ခ) ၁၂-၁၀-၂၀၂၁ ရက်နေ့ ညနေ (၀၅း၀၀)နာရီခန့်တွင် သံတောင်ကြီးမြို့နယ်၊ မင်းလမ်းတောင်အုပ်စု၊ ကျွဲကျကျေးရွာအထက်သို့ ရန်သူ့စစ်ကြောင်း စစ်ကြောင်းထိုးလာသဖြင့် အသင့်စောင့်ဆိုင်းနေသော နေပြည်တော်၊ တပ်ရင်း(၈၀၁)၊ တပ်ခွဲ(၁) နှင့် မဟာမိတ် အထူးဒေသလက်နက်ကိုင်အဖွဲ့တို့ ပူးပေါင်း၍ မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ ရန်သူ့ဘက်မှ (၁၂)ဦးခန့် သေဆုံးခဲ့ပါသည်။

(ဂ) ၁၃-၁၀-၂၀၂၁ ရက်နေ့ နံနက် (၀၉း၀၀)နာရီခန့်တွင် ရေနီမြို့နယ်၊ စုစည်းကျေးရွာအနီး တောင်ခြေသို့ ချီတက်လာသော ရန်သူ့စစ်ကြောင်းအား စီးကြိုတိုက်ခိုက်ခဲ့ရာ ရန်သူ့ဘက်မှ (၁၈)ဦးသေဆုံးခဲ့ပြီး အများအပြားဒါဏ်ရာရရှိခဲ့ပါသည်။ ယမန်နေ့ ညနေ (၀၅း၀၀)နာရီခန့်တွင် ရန်သူ့ဘက်မှ တဖန် အရပ်သားယောင်ဆောင်၍ အလစ်ဝင်ရောက် တိုက်ခိုက်လာခဲ့သည့်အတွက် ရန်သူ့ဘက်မှ ထိခိုက်မှုမရှိဘဲ နေပြည်တော်၊ တပ်ရင်း(၈၀၁)၊ တပ်ခွဲ(၁) မှ ဆေးမှူး (တပ်စုမှူး) ကိုကိုအောင် (ခ) ကိုဇော် နှင့် တပ်ခွဲ(၄)မှ စိုးမင်းထွေး(ခ)ကိုသီဟတို့ (၂)ဦး ထိခိုက်ကျဆုံးခဲ့ပါသည်။

(ဃ) ၁၄-၁၀-၂၀၂၁ ရက်နေ့ နံနက် (၀၇း၀၀)နာရီခန့်တွင် လယ်ဝေးမြို့နယ် ငွေးသဲဂိတ်စခန်းသို့ ဝင်ရောက်ပစ်ခတ်ခဲ့ရာ ရန်သူ့ဘက်မှ (၁)ဦး သေဆုံးပြီး (၄)ဦး ဒါဏ်ရာရခဲ့ပါသည်။

(င) ၁၅-၁၀-၂၀၂၁ ရက်နေ့ ညနေ (၀၅း၃၀)နာရီခန့်တွင် သံတောင်ကြီးမြို့နယ်ရှိ ချင်ပေါင်တောင်စစ်စခန်းအား မိမိတို့ဘက်မှ ရှောင်တခင်ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ရန်သူ့ဘက်မှ (၂)ဦးသေဆုံးခဲ့ကာ မိမိတို့ဘက်မှ အထိအခိုက်မရှိ ဆုတ်ခွါနိုင်ခဲ့ပါသည်။

(စ) ၂၀-၁၀-၂၀၂၁ရက်နေ့ ည (၀၇း၀၀)နာရီခန့်တွင် လယ်ဝေးမြို့နယ်၊ သစ်ကြိမ်းကျေးရွာအုပ်စု၊ ဖောထိကုန်းကျေးရွာအနီး အမှတ်(၆၀၄) တပ်ရင်း၊ (၆၀၅) တပ်ရင်းနှင့် လေကြောင်းရန်တပ်ရင်းများသို့ ပေးပို့လျက်ရှိသော လျှပ်စစ်ပါဝါတိုင်ကြီးအား မိမိတို့ဘက်မှ ဖောက်ခွဲဖျက်စီးနိုင်ခဲ့ပါသည်။

၂။ အောက်တိုဘာလအတွင်း စစ်ရေးထိတွေ့မှုဖြစ်စဉ်များအတွင်း ရန်သူ့ဘက်မှ သေဆုံးသူ (၃၉)ဦး အထိရှိခဲ့ပြီး ဒါဏ်ရာရရှိခဲ့သူအများအပြားရှိခဲ့ပါသည်။ မိမိတို့ဘက်မှလည်း နိုင်ငံနှင့် ပြည်သူလူထုအတွက် ပြည်သူ့ကာကွယ်ရေး ရဲဘော် (၂)ဦး အသက်ပေးခဲ့ရပါသည်။

**သတင်း နှင့် ပြန်ကြားရေး ကော်မတီ**

**ပြည်သူ့ကာကွယ်ရေးတပ်မတော်(နေပြည်တော်)**